

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

**HR- Tgi VA No. 001 – Night Security Guard**

**Myanmar Red Cross Society (MRCS) is volunteer based humanitarian organization throughout the whole country acting with and for the most vulnerable at all times.**

## လုံခြုံရေး (ညစောင့်)

| | |
|---|---|
| အရေအတွက် | : (၂) ဦး |
| အစီရင်ခံစာတင်ပြခြင်း | : Programme Support Officer |
| ဌာန | : ကျန်းမာရေးဌာန |
| **စီမံချက်/စီမံကိန်း** | : လူထုအခြေပြုငှက်ဖျားရောဂါကာကွယ်ရေးစီမံကိန်း |
| တာဝန်ကျရာနေရာ | : တောင်ကြီးမြို့နယ် |
| အဆင့် | : A-2 |
| အကျိုးခံစားခွင့်များ | : လစာ + ကိုယ်ခန္ဓာထိခိုက်မှုအာမခံ + လုပ်ငန်တွင်းသင်တန်းများ + ခရီးသွားစားရိတ် + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါ ကာကွယ်ခွင့် + လုပ်သက်ခွင့်+ ဆေးလက်မှတ်ခံစားခွင့်+ မီးဖွားခွင့်+ အစားထိုးခံစားခွင့် |
| **လျှောက်လွှာပိတ်ရက်** | **: ၂၁.၃.၂၀၂၆ (၁၆:၃၀)** |

## Background of Project

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**သည် "လူထုအခြေပြုငှက်ဖျားရောဂါကာကွယ်ရေးစီမံကိန်း" ကို UNOPS/GF (ကမ္ဘာ့ရန်ပုံငွေ) ထောက်ပံ့မှုဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၂၀၁၁ ခုနှစ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ခုနှစ်နှင့် ၂၀၁၈ခုနှစ်၌လည်းကောင်း မြို့နယ်(၁၁) မြို့နယ်တွင် ကျေးရွာ ၁၀၀၀ အထိတိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် မြို့နယ်(၁၅)မြို့နယ်တွင် ကျေးရွာပေါင်း(၈၀၀)၌ လည်းကောင်း၊ ၂၀၂၁-၂၀၂၃ခုနှစ်တွင် မြို့နယ် ၅-၈ မြို့နယ်တွင် ကျေးရွာပေါင်း ၂၂၅ ၌ လည်းကောင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၂၀၂၄-၂၀၂၆ခုနှစ်တွင် ရှမ်းပြည်နယ်တောင်ပိုင်းမြို့နယ်(၅)မြို့နယ်ရှိ ကျေးရွာ (၂၂၅) ရွာ ၌ UNOPS/GF-RAI4E ရန်ပုံငွေအထောက်အပံ့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။ အဓိကစီမံချက်လုပ်ငန်းများမှာလူထုအခြေပြုဘက်စုံစေတနာ့ဝန်ထမ်း ငှက်ဖျားလုပ်သားများ ရွေးချယ်သင်တန်းပေးခြင်း၊ အခမဲ့ငှက်ဖျားသွေးဖောက်စစ်ဆေးကုသခြင်း၊တာရှည်ခံဆေးစိမ်ခြင်ထောင်များထောက်ပံ့ခြင်း၊ကျန်းမာ

ရေးအသိပညာပေးခြင်းစသည်တို့ဖြစ်သည်။ငှက်ဖျားကူးစက်မှုပပျောက်ရေးလုပ်ငန်းများအားလည်း ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့နှင့်ပူးပေါင်း၍ဆောင်ရွက်သွားမည်ဖြစ်သည်။မြန်မာနိုင်ငံကြက်ခြေနီအသင်းသည်စီမံကိန်းလုပ်ငန်းများစတင်ဆောင်ရွက်စဉ်မှစ၍ "လူထုအခြေပြုငှက်ဖျားရောဂါကာကွယ်ရေးစီမံကိန်း" လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသား ငှက်ဖျားတိုက်ဖျက်ရေးစီမံကိန်း (NMCP)၊ ပြည်နယ်ရပကန (State VBDC Team)၊ ပြည်နယ်ကျန်းမာ ရေးဦးစီးဌာန၊ သက်ဆိုင်ရာ စီမံကိန်းဝင်မြို့နယ် ကျန်းမာရေးဦးစီးဌာနများနှင့် ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်၊ ဗဟို အဆင့်ဆင့်သက်ဆိုင်ရာ Stakeholders များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ယခုလည်း ထိုကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ "လူထုအခြေပြုငှက်ဖျားရောဂါကာကွယ်ရေးစီမံကိန်း"သည် ၂၀၁၆-၂၀၃၀အမျိုးသားမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်များအားပြည့်မီစေရန်အကောင်ထည်ဖော်ဆောင်ရွက်ရာတွင်တထောင့်တနေရာမှပါဝင်ဆောင်ရွက်နေခြင်းလည်း ဖြစ်သည်။

**ရည်ရွယ်ချက်**

လုံခြုံရေးဝန်ထမ်း(ညစောင့်)သည် **Admin & Office Assistant , Programme Support Officer**တို့၏ ကြီးကြပ်မှုဖြင့် ရုံးတွင်းရှိပစ္စည်းများ၏ လုံခြုံရေး၊ ရုံးအဆောက်အဦးလုံခြုံရေးနှင့် မီးဘေး အန္တရာယ် လုံခြုံရေးကို မိမိ၏ လုပ်ငန်းတာဝန် အတိုင်းညစဉ် စောင့်ကြပ်စစ်ဆေးပေးရန်ဖြစ်သည်။

**လုပ်ငန်းတာဝန်များ**

(၁) စီမံချက်ရုံးအဆောက်အဦးအတွင်း၊ အပြင်၏ ညပိုင်းလုံခြုံရေးအားကြပ်မတ်ကာလုံခြုံရေး တာဝန်ထမ်းဆောင်ရမည်။ လုပ်ငန်းတာဝန်ချိန်မှာ ညစဉ် ည ၆ နာရီ မှ မနက်၆ နာရီအထိ_ (ပိတ်ရက်မရှိ) ဖြစ်ပြီးညတိုင်း တာဝန်ချိန် အတိအကျ ရောက်ရှိဆောင်ရွက်ရမည်။

(၂) တာဝန်ချိန်အတွင်းရုံးအဆောက်အဦးအား စစ်ဆေးကြပ်မတ်၍ မှတ်တမ်းတင်ထားပြီး မိမိအား တိုက်ရိုက် ကြီးကြပ်သူ ထံတင်ပြရမည်။ လှည့်ပတ်စစ်ဆေးကြီးကြပ်မှု အား ၂ နာရီတစ်ကြိမ်နှင့် လိုအပ်လျှင် လိုအပ်သ လိုပြုလုပ်ပြီး မှတ်တမ်းတင်ထားရမည်။

(၃) မိမိတာဝန်ကျသည့်အဆောက်အဦး၏အတွင်း၊ အပြင်လုံခြုံရေးအတွက်ည တာဝန်ကျချိန်တွင် ရုံးတံခါး များ၊ ပြတင်းပေါက်များ ၊ခြံဝင်းတံခါးများ၊ ရုံး၏ လေးဖက်လေးတန်အုတ်တံတိုင်းများ အားကြပ်မတ် စစ်ဆေးရမည်။

(၄) မိမိတာဝန်ကျ ရုံး အဆောက်အဦးပတ်ဝန်းကျင်၏ အနေအထားများကိုလည်း ကျွမ်းကျင်နှံ့စပ်စွာ တာဝန်ချိန်အတွင်း အမြဲမပြတ်လေ့လာသိရှိနေရမည်။

(၅) စီမံချက်ရုံးပတ်ဝန်းကျင်နှင့် ရုံးဝင်းအတွင်းတစ်စုံတစ်ရာမသင်္ကာဖွယ်ရာတွေ့ရှိပါကမိမိအား တိုက်ရိုက် ကြီးကြပ်များသူထံသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရမည်။

(၆) ရုံး အဆောက်အဦး ၏ မီးဘေးအန္တရာယ်ဖြစ်စေမည့်အခြေအနေရှိ၊ မရှိအားစစ်ဆေးရမည်ဖြစ်ပြီး အသုံးပြုမည့် မီးဘေးအန္တရာယ် ကာကွယ်ရေးပစ္စည်းများကိုလည်း အမြဲမပြတ် စစ်ဆေးအသုံးပြု တတ်ရမည်။

(၇) မိမိတာဝန်ကျရုံးအဆောက်အဦး၏ လုံခြုံရေးအတွက်ရုံးနှင့် ပတ်သက်သည့် သတင်း အချက်အလက်များ လုံခြုံမှုရှိရမည်။ တိုက်ရိုက်ကြီးကြပ်သူများနှင့် စီမံချက်ဝန်ထမ်းများ မှတစ်ပါး အခြားမည်သူတစ်ဦး တစ်ယောက်ကိုမျှ လုံးဝ ပြောကြားခြင်းမပြုရ။

(၈) တာဝန်ချိန် နှင့် ရုံးဝင်းအတွင်း အရက်သေစာသောက်စားခြင်း၊ဆေးလိပ်သောက်ခြင်း မူးယစ် ဆေးဝါး သုံးစွဲခြင်းလုံးဝမပြုလုပ်ရပါ။ တာဝန်ချိန်တွင်ဂိုဒေါင်အတွင်း သို့ဧည့်သည်ခေါ်ယူ တွေ့ဆုံခြင်း၊ မိသားစုအဖော် ခေါ်အိပ်ခြင်းများ မပြုလုပ်ရပါ။ စီမံချက်ဝန်ထမ်း မဟုတ်သော မည်သူ့ကိုမဆို ဝင်ခွင့် မပြုရပါ။

(၉) တိုက်ရိုက်ကြီးကြပ်သူများ၏ ခွင့်ပြုချက်မရပဲ ရုံးအတွင်းသို့ဝင်ရောက်ခွင့်မရှိပါ။

(၁၀) တာဝန်ချိန်အတွင်း ဥပဒေနှင့် မလွတ်ကင်းသော မည်သည့်ကိစ္စမျိုးမဆို လုံးဝမပြုလုပ်ရပါ။ တာဝန်ချိန်အတွင်း ရုံး သော့များအား လုံခြုံစွာ ပိတ်ခတ်ထားရမည်။ တာဝန်ချိန်အတွင်း ပြင်ပသို့ ထွက်ခွင့်မရှိပါ။

(၁၁) တာဝန်ချိန်အတွင်း လုပ်ငန်းနှင့်ပတ်သက်သည့် ဖုန်းသတင်းများအားလာပါက မိမိအားတိုက်ရိုက် ကြီးကြပ်သူထံသို့အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရမည်။

(၁၂) စီမံချက်ရုံးဝန်းအတွင်းသန့်ရှင်းရေးကိုလည်းတာဝန်ယူဆောင်ရွက်ရမည်။

(၁၃) တိုက်ရိုက်ကြီးကြပ်သူအပါအဝင် ကြီးကြပ်သူအဆင့်ဆင့်မှ အခါအားလျော်စွာ ပေးအပ်သည့် ညွှန်ကြားချက်များကိုလည်းအချိန်နှင့် တပြေးညီတာဝန်ယူဆောင်ရွက်ရမည်။ ကြီးကြပ်သူများမှ

လိုအပ်သလို ဖုန်း(သို့) **Video Call**ဖြင့် ရှောင်တခင်စစ်ဆေးကြီးကြပ်နိုင်ရန် ဆက်သွယ်ရမည့်မိမိဖုန်းအား တာဝန် ချိန်အတွင်း အမြဲဖွင့်ထားပြီး စစ်ဆေးမှုကိုခံယူနိုင်ရမည်။

(၁၄) အလုပ်အတက်၊ အဆင်း (**Attendance List**) လက်မှတ်ကိုလည်း နေ့စဉ်ပုံမှန်ရေးထိုးရမည်။

**လိုအပ်သောအရည်အချင်းများ -**

- အခြေခံပညာအလယ်တန်းအဆင့်ပြီးဆုံးသူဖြစ်ရမည်။
- ဂိုဒေါင်၊ရုံးညစောင့်လုံခြုံရေးအတွေ့အကြုံအနည်းဆုံး(၆)လရှိရမည်။
- ကျန်းမာသန်စွမ်းပြီးသွက်လက်နိုးကြားသူဖြစ်ရမည်။နာခံတတ်သူဖြစ်ရမည်။
- ပြစ်မှုမှတ်တမ်းကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်ရမည်။
- လုံခြုံရေးအမြင်ရှိရမည်။
- အရက်သေရည်စာနှင့် မူးယစ်စေသောအရာများ သုံးစွဲသူ မဖြစ်ရ။
- တာဝန်ကျေပွန်အောင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- လူမှုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
- မြန်မာစာဖြင့်အစီရင်ခံသတင်းပေးပို့နိုင်သူဖြစ်ရမည်။
- ကြက်ခြေနီအခြေခံမူများနှင့်အညီ ဆောင်ရွက်နိုင်ရမည်။
- ဆိုင်ကယ်မောင်းနှင်တက်သူဖြစ်ပါက သက်တမ်းမကုန်ဆုံးသေးသော ယာဉ်မောင်းလိုင်စင် လက်ဝယ်ရှိရမည်။
- **ဆက်သွယ်ရေးဆိုင်ရာ (Viber၊ Messenger) တို့ကို အသုံးပြုတတ်ရမည်။**
- **ကြက်ခြေနီ၏ အခြေခံမူ (၇) ချက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မူ**ဝါဒ**များ၊ ဗျူဟာများ ၊လမ်းညွှန်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာ ဆောင်ရွက်နိုင်သူဖြစ်ရမည်။**
- **ကြက်ခြေနီ နှင့် လခြမ်းနီအသင်းများ၏ အခြေခံမူများကို တက်ကြွစွာ** မြှင့်တင်လိုစိတ်**နှင့် ကတိကဝတ်များကို နားလည်သူဖြစ်ရမည်။**
- **ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ၏ လူမှုကရုဏာ လုပ်ငန်းများတွင် အတွေ့**ကြုံရှိသူများကို ဦးစားပေးမည်။





**စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/PDF Version ဖြင့် အောက်ပါ Email လိပ်စာသို့ဖြစ်စေ လူကိုယ်တိုင် ဖြစ်စေ လာရောက်လျှောက်ထားနိုင်ပါသည်-**

**နေပြည်တော်ရုံးချုပ်**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊**
**နေပြည်တော်။**

**စီမံကိန်းရုံး**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**အမှတ်၊(၁၂၁/၂) ဈေးပိုင်းရပ်ကွက်**
**ခွာညိုလမ်း၊ တောင်ကြီးမြို့။**

**Email: mrcshr.tgi2022@gmail.com**

**For more information and application, please visit to the www.redcross.org.mm**

**Only short-listed candidates will be contacted for a personal interview.**